# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 9 , 2022 Volume 55, Number 7

**၉.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၄၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၇၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၈၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၄၅.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၁၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၇.၃၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၁.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၆၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ လက်ကျန်နည်းသောကြောင့် ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၂၅၀၀ ပေါက်ဈေးရှိလာ

မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ လက်ကျန်နည်းသောကြောင့် ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၂၅၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များက မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပြောင်းဖူး(ဗမာ)များ မန္တလေးဈေးကွက်အတွင်း ဝယ်ယူစားသုံးမှုများပြားလာသည့်အပြင် ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ထိုသို့ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာသောကြောင့် ဈေးနှုန်းများ ပြန်လည်မြင့်တက်လျက်ရှိကြောင်းသိရသည်။

“အခု ပြည်ပနိုင်ငံဘက်ကလဲ ပြောင်းဖူး(ဗမာ) ဝယ်ယူမှုတွေ အနည်းငယ်ရှိတယ်။ ပြည်တွင်းဈေးကွက်အတွင်းမှာ အခုလတ်တလော အရောင်းအဝယ်ပြန်ကောင်းနေပြီးတော့ မန္တလေးဈေးကွက်အတွင်းမှာ ပြောင်းဖူး (ဗမာ)ဈေးနှုန်းတွေပြန်ပြီး အတက်ဘက်ရောက်လာပါတယ်” ဟု ဦးစက်မောင်ဆွေကပြောပြသည်။

ယခင် မေလနောက်ဆုံးပတ်က မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀ ဈေးသာရှိခဲ့သော်လည်း ယနေ့(ဇွန်-၈)တွင် တစ်အိတ်လျှင် ငွေကျပ် ၅၂၅၀၀ ထိ ပေါက်ဈေးရှိလာကြောင်းသိရသည်။

“အခုလက်ရှိ ပြည်တွင်းက အရည်အသွေးကောင်းတဲ့ ပြောင်းဖူး(ဗမာ)တွေကို ပြည်ပကနေ ဈေးကောင်းပေးဝယ်ပြီး ဝယ်ယူမှုတွေများလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ ပြောင်းဖူး(ဗမာ) လက်ကျန်နည်းတာကြောင့် ဈေးကောင်းရရှိလာပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## ကျောက်ဆည်ဒေသမှထွက်ရှိသည့် ငရုတ်အမှည့်အစို တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ဈေးကောင်းရရှိနေ

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်ဒေသမှ ထွက်ရှိလာသည့် အသင့်ရွေးချယ်ပြီး ငရုတ် အမှည့်အစို ပြည်တွင်းဈေးကွက်၌ မေလနောက်ဆုံးပတ်မှ ယနေ့(ဇွန်-၈)ထိ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

အဆိုပါငရုတ်များကို ယခုချိန်တွင် ကျောက်ဆည်ဒေသမှထွက်ရှိနေကြောင်း၊ ထွက်ရှိလာသည့် ငရုတ်သီးများကိုခူးဆွတ်၍ တောင်သူများက ပြည်တွင်းဈေးကွက်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အတွင်းသို့ရောင်းချကြောင်း၊ ထိုသို့ရောင်းချရာတွင် တောထုတ်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၊ အသင့်ရွေးချယ်ပြီး အသန့် ငရုတ်အမှည့်အစို တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ပေါက်ဈေးတို့ဖြင့် ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ ဉက္ကဋ္ဌ ဒေါ်ဉမ္မာကျော်ကပြောပြသည်။

“အခုချိန် ကျောက်ဆည်ဒေသက ငရုတ်တွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ ငရုတ်တွေကို တောင်သူတွေက တောထုတ်အနေနဲ့ တစ်ပိဿာကို ငွေကျပ် ၅၅၀၀ ရှိတယ်။ သန့်ပြီးသား ငရုတ်အမှည့်အစို တစ်ပိဿာကို ငွေကျပ် ၆၀၀၀ ဈေးရှိနေပါတယ်။ ဒီနှစ်မှာ ရာသီဉတုအခြေအနေကြောင့် ငရုတ်တွေက ကောင်းတဲ့အခင်းရှိသလို မကောင်းတဲ့အခင်းလဲ ရှိပါတယ်။ သွင်းအားစုနဲ့ ရေသွင်းတာတွေကိုလဲ မပြုလုပ်နိုင်ပါဘူး။ အထွက်နှုန်းကတော့ အနည်းငယ်ကျနိုင်ပါတယ်။ လက်ရှိဈေးကတော့ ကောင်းပါတယ်။ အခုချိန်မှာ ပြည်တွင်းဈေးကွက်ကိုတော့ ရောင်းချနေပါတယ်။ ငရုတ်ဈေးကတော့ တက်လာဖို့အလားအလာရှိနေပါတယ်” ဟု ဒေါ်ဉမ္မာကျော်က ပြောပြသည်။

အဆိုပါ ငရုတ်အမှည့်အစိုများကို ပြည်ပက လိုအပ်ချက်ရှိနေသည့်အတွက် Export တင်ပို့ရောင်းချ နေလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ကျောက်ဆည်ဒေသမှထွက်ရှိနေပြီး ဝမ်းတွင်း၊ သာစည်ဒေသတို့မှလည်း ထွက်ရှိလာပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ စိုက်ပျိုး ရောင်းချကြကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ ဉက္ကဋ္ဌ ဒေါ်ဉမ္မာကျော်က ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ငဖဲမြို့နယ်အတွင်း တောင်ပေါ်ဒေသများမှ ထွက်ရှိသည့်ခရမ်းချဉ်သီးများ ပုံမှန်ထက်ဈေးလျော့ကျ


https://news-eleven.com/article/232077

စက်သုံးဆီဈေးမြင့်တက်၍ သယ်ယူစရိတ်ကြီးမြင့်မှုကြောင့် ငဖဲမြို့နယ်အတွင်း နတ်ရေကန်၊ ပေါက်စ စသည့် တောင်ပေါ်ဒေသများမှထွက်ရှိသည့် ခရမ်းချဉ်သီးများ ပုံမှန်ထက် ဈေးလျော့ကျလျက်ရှိပြီး ခရမ်းချဉ်စိုက်တောင်သူများ တွက်ခြေကိုက်မှုနည်းလျက် ရှိကြောင်းသိရသည်။

အဆိုပါဒေသများတွင် ဒေသမျိုးရင်း ခရမ်းချဉ်သီးများကိုသာ စိုက်ပျိုးလေ့ရှိကြောင်း၊ ယခင်နှစ်က ခရမ်းချဉ်သီးပေါ်ချိန်တွင် ဒေသတွင်းပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ကျပ် ၈၅၀ သာ ပေါက်ဈေးရှိကြောင်း၊ စက်သုံးဆီဈေးများ မြင့်တက်မှုကြောင့် တောင်ပေါ်မှ မကွေး၊ မင်းဘူးမြို့များသို့ သယ်ယူရသည့်စရိတ်ကြီးမြင့်ကာ ဒေသတွင်းကောက်ဈေး လျော့ကျနေခြင်းဖြစ်ကြောင်းသိရသည်။

“ခရမ်းချဉ်က မြို့ပေါ်ဈေးတွေမှာ တစ်ပိဿာကို ကျပ် ၁၅၀၀ လောက်ရှိပေမယ့် သယ်ယူစရိတ်က မြင့်လွန်းတော့ တောင်သူတွေဆီက ဝယ်ယူရတဲ့ဈေးက လျော့နေတာပါ။ အခု ကားနဲ့မသယ်ဘဲ ဆိုင်ကယ်တွေနဲ့ပဲ သယ်ယူတာကို ဆီဈေးက မြင့်လွန်းတော့ ကျွန်တော်တို့လည်း တွက်ခြေမကိုက်သလို တောင်သူတွေလည်း တွက်ခြေမကိုက်ပါဘူး”ဟု ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ခရမ်းချဉ်ကုန်သည်တစ်ဦးက ပြောကြားသည်။

မြေနုကျွန်းနှင့် ကိုင်းမြေများတွင် စိုက်ပျိုးသည့်ခရမ်းချဉ်သီးများ ထွက်နှုန်းလျော့ကျချိန်ကိုတွက်ဆ၍ တောင်ပေါ်ဒေသ များတွင် ဒေသမျိုးခရမ်းချဉ်များကို စိုက်ပျိုးလေ့ရှိကြောင်း၊ ငဖဲမြို့နယ်အတွင်း တောင်ပေါ်ဒေသများမှ တစ်နေ့လျှင် ခရမ်းချဉ် ပိဿာချိန် ထောင်နှင့်ချီ၍ထွက်လေ့ရှိကြောင်း၊ ထိုခရမ်းချဉ်များကို ငဖဲ၊ မင်းဘူး၊ မကွေး၊ စလင်း၊ ပွင့်ဖြူမြို့များသို့ တင်ပို့လေ့ ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/232077

## ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်ရှူးငှက်ပျောများ ပြည်ပသို့တင်ပို့သည့် ကုန်တင်ကားအစီးရေ ၃၅ဝ ကျော်ထိရှိလာ

ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်ရှူးငှက်ပျောများကို ပြည်ပသို့တင်ပို့သည့် ကုန်တင်ကား ဇွန် ၇ ရက်မှစ၍ တစ်ရက်လျှင် အစီးရေ ၃၅ဝ ကျော်ထိ ရှိလာကြောင်း၊ ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ အကြံပေး ဒေါ်တူးက ပြောပြ၍သိရသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်ရှူးငှက်ပျောများကို ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြည်ပသို့ ၂၂ ဘီးကားများဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်ရှူးငှက်ပျောများကို ပြည်ပသို့တင်ပို့ရာတွင် မေလက တစ်ရက်လျှင် အစီးရေ ၂၅ဝ ကျော်သာရှိခဲ့သော်လည်း ဇွန် ၇ ရက်မှစ၍ တစ်ရှူးငှက်ပျောတင်ပို့သည့်ကား တစ်ရက်လျှင် အစီးရေ ၃၅ဝ ကျော်ထိရှိလာကြောင်းသိရသည်။

"အခုလတ်တလော တစ်ရှူးငှက်ပျောအထွက်နှုန်းက ပြန်ကောင်းနေတယ်။ ဒါကြောင့် ကန်ပိုက်တီနယ်စပ်ဂိတ်ကနေ ပြည်ပကိုတစ်ရှူးငှက်ပျောတင်ပို့တဲ့ ကုန်တင်ကားတစ်ရက်လျှင် အစီးရေ ၃၅ဝ ကျော်ထိရှိလာတယ်" ဟု ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအသင်းမှ အကြံပေး ဒေါ်တူးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်ရှူးငှက်ပျောများကို ကန်ပိုက်တီနယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပသို့တင်ပို့ရာတွင် ကုန်တင်ကားများအနေဖြင့် လမ်းကြောင်းပိတ်ဆို့ကျပ်တည်းမှုများ ဖြစ်ပေါ်ခြင်းမရှိဘဲ ပုံမှန်အတိုင်းသာတင်ပို့လျက်ရှိကြောင်း၊ တစ်ရှူးငှက်ပျောများကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၏ တစ်ဖက်ကမ်း ဝိုင်းမော်၊ မိုးမောက်၊ ဗန်းမော်မြို့နယ်တို့တွင် ၂ဝ၀၆ ခုနှစ်ကတည်းက စတင်စိုက်ပျိုးလာခဲ့ကြကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပန်းပုလက်ရာ ကြာကလပ်အရွယ်စုံနှင့် မီးအုပ်ဆောင်းများ အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ပန်းပုလက်ရာ ကြာကလပ်အရွယ်စုံနှင့် ပန်းပုထည်မီးအုပ်ဆောင်းများ ဝယ်ယူမှုများလာသောကြောင့် အရောင်းသွက်နေကြောင်း ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီးအနီးရှိ တော်ဝင်ပန်းအမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေဂျာ ဦးစိုးသန်းလင်းက ပြောပြ၍သိရသည်။

လက်ရှိအရောင်းသွက်နေသည့် ကြာကလပ်များမှာ အမြင့် လေးလက်မမှ ၁၂ လက်မ အရွယ်အစားများဖြစ်ပြီး ဈေးနှုန်းမှာ ငွေကျပ် ၃၅ဝဝ မှ ၁၄ဝဝဝ ထိရှိကာ ဆွမ်းတော်ကပ်လှူရန် အဓိကဝယ်ယူကြကြောင်း၊ အလားတူ မီးအုပ်ဆောင်းမှာလည်း မီးလုံးနှင့်ပလတ် အသင့်ပါရှိသည့်အတွက် ဝယ်ယူသူများနှစ်ခြိုက်ကြသဖြင့် အရောင်းသွက်နေကြောင်း သိရသည်။

"ဒီလထဲမှာ ပဲခူးရွှေသာလျောင်းဘုရားကြီးကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွားတွေ အများဆုံးဝယ်ကြတာက သစ်သားကြာကလပ်ကလေးတွေများတယ်။ ဈေးကလဲ သက်သာတယ်။ နောက်အဝယ်များတာက အသင့်သုံးလို့ရတဲ့ ထီးပုံမီးအုပ်ဆောင်းလေးတွေ အဲဒါတွေတော့ ဒီလထဲမှာ အဝယ်များပြီး အရောင်းသွက်နေပါတယ်" ဟု ဦးစိုးသန်းလင်းက ပြောပြသည်။

အဆိုပါ အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ထီးပုံမီးအုပ်ဆောင်းသည် အမြင့် ရှစ်လက်မ အရွယ်အစားဖြစ်ပြီး ဈေးနှုန်းမှာ ငွေကျပ် ၁၈ဝဝဝ ဖြစ်ကြောင်း၊ ဧပြီလလယ်မှ ဇွန်လဆန်းထိ ကြာကလပ်အရွယ်စုံ အခုရေ ၂ဝဝ ခန့်နှင့် မီးအုပ်ဆောင်း ၁ဝဝ ခန့် ရောင်းချထားကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသထွက် နဂါးမောက်သီးများ ဝယ်ယူမှုများပြီး ဈေးကောင်းရရှိနေ



Source: ရတနာပုံသတင်းစာ

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသထွက် နဂါးမောက်သီးများ ဝယ်ယူမှုများပြီး ဈေးကောင်းရရှိနေကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်သီးဝလံနှင့်ပန်းမန်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း စိုက်ပျိုးထားရှိသည့် နဂါးမောက်သီးများ ဈေးကောင်းရရှိသဖြင့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များကာမိကြောင်း၊ ထို့ကြောင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ဒီဘက်က ထွက်သလောက်ရောင်းနေရတယ်။ ဈေးကွက်ကိုဒီထက်ပိုပြီး ဖော်ဆောင်နိုင်ရင် တိုးချဲ့စိုက်ပျိုးမဲ့တောင်သူတွေ၊ လုပ်ငန်းရှင်တွေရှိသလို အသစ်စိုက်ပျိုးမဲ့သူတွေလဲ ရှိနေပါတယ်။ ဈေးကွက် ပိုမိုကျယ်ပြန့်လာအောင် ကြိုးပမ်းနေပါတယ်။ အခုတော့ ရန်ကုန်နဲ့နေပြည်တော်ကို အဓိကထားတင်ပို့နေပါတယ်" ဟု ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်သီးဝလံနှင့်ပန်းမန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိုးညွန့်ကပြောပြသည်။

နဂါးမောက်သီးများ စတင်ပေါ်ထွက်ချိန်မှ ဧပြီလထိ တစ်လုံးလျှင် ငွေကျပ် ၄၀၀ မှ ၆၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၆၀၀ ထိ၊ ဇွန်လ ၁ ရက်မှ ယနေ့(ဇွန်-၈) ထိ တစ်လုံးလျှင် ငွေကျပ် ၅၅၀ မှ ၈၀၀ ထိ ပေါက်ဈေးရှိကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးဘက်မှာ နဂါးမောက်သီးထွက်တယ်ဆိုပေမဲ့ ဒီကထွက်တဲ့အသီးတွေကို မှာယူသူတွေရှိနေတယ်။ ဝယ်ယူမှု အားကောင်းတော့ တောင်သူတွေ အဆင်ပြေပါတယ်။ ဒီဈေးနှုန်းအတိုင်းသာ တည်ငြိမ်နေမယ်ဆိုရင် တောင်သူတွေအတွက် ပိုအဆင်ပြေပါတယ်" ဟု ရပ်စောက်မြို့မှ နဂါးမောက်သီးစိုက်တောင်သူ ကိုထက်နိုင်ဝင်းက ပြောပြသည်။

နဂါးမောက်သီးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ကလောဒေသတွင် အများအပြားစိုက်ပျိုးကြပြီး ကျန်ဒေသများတွင်လည်း စိုက်ပျိုးကြကြောင်း၊ ထွက်ရှိလာသည့် နဂါးမောက်သီးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအနှံ့အပြားသို့လည်းကောင်း၊ အောင်ပန်းမြို့ရှိ သီးနှံပွဲရုံများမှတစ်ဆင့် မြန်မာနိုင်ငံ အနှံ့အပြားသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြစ်ကြီးနားမြို့၏ ဆန်ဈေးကွက်အခြေအနေ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိဈေးများတွင် ဈေးကွက်လိုအပ်ချက်အရ ဝင်ရောက်လာသည့် အောက်ပိုင်း(အမာ)ဆန်များသည် စားသုံးသူများ၏လိုအပ်ချက်အရ အရောင်းအဝယ်လိုက်လျက်ရှိကြောင်း သိရှိရပါသည်။

မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သည်နှင့်အညီ ဝန်ထမ်းများ၊ ကုန်သည်လုပ်ငန်းရှင်များ အများစုရှိခြင်း တိုင်းဒေသကြီး/ပြည်နယ်အများစုမှ ကချင်ပြည်နယ်သို့ စီးပွားရှာခြင်း၊ ကျောက်စိမ်းရတနာတူးဖော်ခြင်း လာကြသူများ များပြားခြင်းတို့ကြောင့် ဆန်အမာစားသုံးသူများပြားလာပါသည်။ ဆန်စပါးအထွက်များသည့် စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများမှထွက်ရှိသည့် ပေါ်ဆန်းမွှေး၊ ဧရာပဒေသာ၊ မနောသုခ (ရွှေငါး)၊ ရွှေသွယ်စသည့် ဆန်အမာများကို စားသုံးသူများ၏လိုအပ်ချက်အရ ဆန်ဈေးကွက်ရှိသည့် မြစ်ကြီးနားသို့ ပြည်တွင်းကုန်သွယ်မှုများ ပြုလုပ်လျက်ရှိပါသည်။

လက်ရှိဆန်ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၅၆၀၀၀ ကျပ်၊ ၅၈၀၀၀ ကျပ်၊ ၆၀၀၀၀ ကျပ် စသည်ဖြင့် ဆန်စအပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိပြီး ဧရာပဒေသာ ဆန်တစ်အိတ်မှာ ၄၂၀၀၀ ကျပ်နှင့် မနောသုခ(ရွှေငါး) ဆန်တစ်အိတ်လျှင် ၄၀၀၀၀ ကျပ်ဈေး စသည်ဖြင့် ဆန်အမျိုးအစားအလိုက် ဈေးနှုန်းကွာခြားမှုများ ရှိကြောင်းသိရှိရပါသည်။

စားသုံးသူများ၏ဈေးကွက်လိုအပ်ချက်အရ မည်သည့်ကုန်ပစ္စည်းများမဆို ဈေးကွက်ရှိသောဒေသများသို့ ပြည်နယ်/တိုင်းဒေသကြီးများ အပြန်အလှန် ကုန်သွယ်မှုများပြုလုပ်လျက်ရှိကြောင်းသိရှိရပါသည်။

**Source:** မနောမြေကုန်သွယ်မှုဇဟိုဌာန

## ကြက်သွန်နီအရောင်းအဝယ်သွက်ကာ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီစိုက်ပျိုးထွက်ရှိရာ ဒေသများတွင် ယခုနှစ် ကြက်သွန်နီ စိုက်ကေလည်း နည်းသလို အထွက်နှုန်းလည်းနည်းနေသည့်အပြင် မိုးထိခဲ့တာကြောင့် အရည်အသွေးကောင်း ကြက်သွန်နီများရှားပါးကာ လျောင်လက်များက အရည်အသွေးကောင်း ကြက်သွန်များကိုသာ ဝယ်ယူသိုလှောင်ကြတာကို တွေ့ရပါတယ်။ လှောင်လက်များဝယ်ယူမှုများခြင်းကြောင့်တစ်ကြောင်း၊ ပြည်ပဝယ်လိုအားကြောင့်တစ်ကြောင်း ဈေးနှုန်းမြင့်တက်လာတာကိုတွေ့ရပြီး ယခင်နှစ်ကာလတူတွင် တစ်ပိဿာလျှင် ကျပ်(၄၅၀)ဝန်းကျင်သာ ဈေးရရှိခဲ့ရာ ယခုနှစ်မှာတော့ ကျပ်(၁၀၀၀)ကျော်အထိ ဈေးကောင်းရရှိနေပြီး ဈေးကွက်ထဲတွင် လက်ကျန်လည်းနည်းလာချိန်၊ အရောင်းအဝယ်လည်းသွက်ချိန်ဖြစ်၍ လှောင်လက်များကတော့ ဈေးအမြင့်ဆုံးကို စောင့်နေကြတယ်လို့ ကြက်သွန်နီကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။

ပခုက္ကူကြက်သွန်နီကိုတော့ ရန်ကုန်၊ မန္တလေးနှင့်အခြားမြို့ကြီးများသို့ တင်ပို့ရောင်းချလျှက်ရှိရာ တစ်နေ့လျှင် ပိဿာချိန်(၁၀၀၀၀၀)ဝန်းကျင် ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရတယ်။ ဆိပ်ဖြူကြက်သွန်နီကိုတော့ မန္တလေး၊ မူဆယ်နှင့်ရခိုင်ပြည်နယ်တို့အထိ တင်ပို့ရောင်းချလျှက်ရှိပြီး တစ်နေ့လျှင် ပိဿာချိန် (၁၀၀၀၀)နှင့်(၂၀၀၀၀)ကြား ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## မကွေးတိုင်းဒေသကြီး၏ ယခုတစ်ပတ်ပဲမျိုးစုံဈေးကွက်


မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် ပဲမျိုးစုံဝင်ရောက်၍ အရောင်းအဝယ်ဖြစ်နေရာ ကုလားပဲအုပ်စု အနေဖြင့် ပြည်တွင်းသုံးစွဲမှုမြင့်မားလာကာ ပြည်ပပို့ကုန်သမားများ ဝယ်ယူနေခြင်း၊ ပြည်တွင်းပဲခွဲစက်များ အဝယ်လိုက် နေတာကြောင့် ဈေးဆက်လက်မြင့်တက်နေတာကို တွေ့ရပါတယ်။ ပို့ကုန်ပဲများကိုတော့ လှောင်လက်သမားများ အဝယ်ရှိ နေတဲ့အတွက် ပြည်တွင်းသုံးပဲများလည်း ဈေးကောင်းလျှက်ရှိတာကို တွေ့ရပါတယ်။

ပဲတီစိမ်းဈေးကွက်မှာ အရောင်းအဝယ်သွက်နေပြီး ပို့ကုန်သမားများ အဝယ်များလာသဖြင့် ဈေးတက်လာကာ ယနေ့ (ဇွန် ၈)တွင်(၄၆၃၀၀)ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မတ်ပဲဈေးကတော့ ဈေးကွက်ထဲမှာ ယနေ့ (ဇွန် ၈)တွင် (၄၈၀၀၀)ကျပ် ဈေးဖြင့် ဈေးအနည်းငယ်သာ ပြန်တက်နေပြီး ဆက်လက်၍ ဈေးကောင်းရရှိနေတာပဲဖြစ်ပါတယ်။

စားတော်ပဲဈေးကတော့ ပြည်တွင်းစားသုံးမှုများသောကြောင့် ပဲသီးနှံများတွင် ဈေးအမြင့်ဆုံးရရှိတဲ့ ပဲသီးနှံဖြစ်တာကို တွေ့ရပါတယ်။ ယနေ့ (ဇွန် ၈) ပေါက်ဈေးကတော့ (၉၅၀၀၀)ကျပ်ဈေးဖြင့် ဈေးကွက်ထဲမှာ အရောင်းအဝယ်လည်း သွက်နေ သလို ဈေးနှုန်းမြင့်တက်လာကာ ဈေးကောင်းလည်းရတဲ့ သီးနှံဖြစ်တယ်လို့သိရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## STOCK EXCHANGE (9.6.2022)




| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 33,109,694 | 251,634 |
| MTSH | 00002 | 2,650 | -50 | -1.85% | 2,700 | 2,700 | 2,650 | 3,027 | 8,109,000 | 38,929,150 | 103,162 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 4 | 72,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,550 | +50 | +2.00% | 2,550 | 2,550 | 2,550 | 88 | 224,400 | 12,823,224 | 32,699 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 4 | 20,000 | 10,497,598 | 52,488 |

## Market summary

As of 9th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.61 | -0.15 | -0.04% | 356.36 | 356.36 | 355.61 | 3,123 | 8,425,400 | 7 | 618,630 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 9th Jun. 2022

| MYANPIX | 355.61 ▼ 0.15 |
|---|---|
| Total Volume (shares) | 3,123 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 618,630 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 2,650 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 50 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |